EMReF Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ
# သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၆၇
နိုဝင်ဘာ ၁၃ ရက်၊ ၂၀၁၈

## ကျောက်မိုင်းကုမ္ပဏီများကို လွှတ်တော်စစ်ဆေးဦးမည်

**နိုဝင်ဘာ ၆၊ ၂၀၁၈**



မွန်ပြည်နယ်အတွင်း ကျောက်ထုတ်လုပ်နေသော ကျောက်မိုင်းကုမ္ပဏီများကို လာမည့် ခြောက်လအတွင်း ထပ်မံစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု ပြည်နယ်လွှတ်တော် ပြည်သူ့ငွေစာရင်းစိစစ်ရေး၊ ဘဏ္ဍာရေး စီမံကိန်းနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များလေ့လာ သုံးသပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်သူက ပြောကြားသည်။

ကုမ္ပဏီများမှာ လိုင်စင်ရယူထားသော ကျင်းထုတ်လုပ်ခွင့်ထက်ပိုမိုကာ လုပ်ကိုင်နေသောကြောင့် မြေပြင်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးလိုက်တဲ့အခါမှာ လိုင်စင်ရထားတာနဲ့ မြေပြင်မှာ ထုတ်နေတာက အများကြီးကွာဟနေတယ်၊ အဲလိုမဖြစ်ရအောင် သေချာစစ်ဆေးသွားမယ်၊ အကျိုးအမြတ်ရရှိတဲ့သူတွေကလည်း အခွန်ကို မှန်မှန်ဆောင်စေချင်တယ်"ဟု ၎င်းက ပြောသည်။

မြေပြင်သို့ ကွင်းဆင်းစစ်ဆေးခြင်းသည် လုပ်ငန်းရှင်များကို ထိခိုက်မှုရှိစေရန် လုပ်ဆောင်ခြင်းမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန်နှင့် ပြည်နယ်အတွက် ထိုက်သင့်သော အခွန်ဆောင်မှုကို ရရှိစေရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဆက်လက်ပြောသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မိုင်းထုတ်လုပ်မှုများကို ပိုမိုသိရှိသော နယ်မြေဒေသခံများ၊ သက်ဆိုင်ရာကျေးရွာနှင့် မြို့နယ်မှ အုပ်ချုပ်ရေးမှူးအဖွဲ့တို့က ပူးပေါင်းပါဝင်ပေးကြဖို့ လိုအပ်ကြောင်း ဦးအောင်ကျော်သူက ဆိုသည်။

ကျောက်မိုင်းထုတ်လုပ်နေသော မြို့နယ်များဖြစ်သည့် ကျိုက်ထို၊ ပေါင်၊ ကျိုက်မရော နှင့် ရေးမြို့နယ်တို့တွင် ကွင်းဆင်းစစ်ဆေးမှုများ ထပ်မံပြုလုပ်ပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောသည်။

ကျောက်မိုင်းထုတ်လုပ်မှုလိုင်စင် လုပ်ဆောင်ရာတွင်လည်း အချို့လုပ်ငန်းရှင်များမှာ ကျင်းပေါင်း ၁,၅၀၀ မှ ၂,၀၀၀ ထိ တိုးလာ ထုတ်၍ အချို့မှာ ကျင်းပေါင်း ၁၅၀၀ မှ ၃၀,၀၀၀ ထိ တိုးလာသောကြောင့် ညီမျှမှုရှိစေရန်အတွက် လိုင်စင်ထုတ်ပေးရာ၌ စနစ်တကျ ပြန်လည်စိစစ်ခြင်းများကို လုပ်ဆောင်သင့်ကြောင်း ၎င်းကအကြံပြုပြောကြားသည်။

ကျောက်ထုတ်လုပ်ငန်းရှင်များ အနေဖြင့် မိမိထုတ်ယူမည့်စာရင်းများကို မှန်မှန်ကန်ကန် စာရင်းတင်၍ လျှောက်ထားပါက ပြည်နယ်အစိုးရအနေဖြင့် လုပ်ငန်းရှင်များအား အပြည့်အဝ အကာအကွယ်ပေးသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ က ဩဂုတ်လ ၂၉ ရက်နေ့က ပြောဆိုထားသည်။ **(ကိုးကား- ဟသ်ာမီဒီယာ)**

# စာရင်းစစ်အဖွဲ့ရဲ့ အစီရင်ခံစာနဲ့ မေးခွန်းထုတ်ရတော့မယ့် ရန်ကုန်အစိုးရအဖွဲ့ရဲ့ ပြည်သူ့ဘဏ္ဍာရှင်းတမ်း (နိဂုံးပိုင်း)

*(ယခင်အပတ်မှအဆက်)*

**ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်နေသည့် ရန်ကုန်အစိုးရ ဖြေဆိုရမည့် မေးခွန်းများ**

အသေးစိတ်စစ်ဆေးထားခြင်း မရှိသေးသည့် စာရင်းစစ်ချုပ်အစီရင်ခံစာ ထွက်ပေါ်လာပြီးနောက်ပိုင်းတွင် လွှတ်တော်ကိုယ်စားလှယ်များမှ ဝေဖန်မှုများ ဆက်တိုက်ထွက်ပေါ်လာခဲ့သည်ကို တွေ့ရသည်။

အများစုဝေဖန်ထောက်ပြသည့် အကြောင်းအရာမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လွှတ်တော်သို့တင်ပြခြင်းမရှိသည့် လုပ်ဆောင်မှုများဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း သွားလာနေသည့် မော်တော်ယာဉ်ဘီးခွန်များကိုလည်း တိုးမြှင့်ကောက်ခံလျက်ရှိသည်။

ရန်ကုန်မြို့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဇူလိုင်လကုန်အထိ ယာဉ်စီးရေ ၅၂၉၄၃၇ စီးရှိသဖြင့် မော်တော်ယာဉ်မှ အခွန်ရရှိမှုမှာ ကျပ် ဘီလျံလေးဆယ်ခန့် တိုးမြှင့်ရရှိမည်ဖြစ်သည်။

ယင်းသို့ တိုးမြှင့်ရရှိလာသည့် အခွန်ငွေများကို မည်သည့်နေရာတွင် သုံးစွဲခဲ့သည်ဆိုသည်ကို ပြည်သူများအား ပွင့်လင်းမြင်သာစွာချပြရန် လိုအပ်လာမည်ဖြစ်သည်။

ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများကို ကျော်လွန်ကာ လူပုဂ္ဂိုလ်အရ ချေးယူထားသည့် ငွေကြေးများအား ပြန်လည်ပေးဆပ်ရန် လွှတ်တော်တွင် တာဝန်မရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်များက စာရင်းစစ်ချုပ်အစီရင်ခံစာဆွေးနွေးမှုတွင် ပြောကြားထားကြသည်။

ယင်းကြောင့် ပြည်သူများထံမှရရှိသည့် အခွန်ငွေကြေးများကို ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးမပြုဘဲ ချေးငွေပေးဆပ်ခြင်းများတွင် အသုံးမပြုနိုင်စေရန် စောင့်ကြည့်ရမည်ဖြစ်သည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေစာရင်းအစီရင်ခံစာမှာ ကျော်စောသတင်းဖြစ်နေပြီဖြစ်သည်။ ကော်ထိုင်ခုံ တစ်လုံးလျှင် ကျပ်ခုနစ်သောင်းဟု ဖော်ပြထားခြင်းအား လွှတ်တော်ကိုယ်စားလှယ်က ဝေဖန်ထောက်ပြမှသာ စာရိုက်မှားယွင်းခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့က လွှတ်တော်တွင် ပြန်လည်ဖြေဆိုခဲ့သည်။

ယင်းကဲ့သို့ အခြေအနေများတွင် ကွာဟနေသည့် ငွေကြေးများမရှိစေရန် စာရင်းစစ်အဖွဲ့အား တာဝန်ပေးအပ်ရန် လိုအပ်သလို ကျော်စောသတင်းအဖြစ် သတ်မှတ်ကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့်လည်း စောင့်ကြည့်ရမည့် အခြေအနေတစ်ခု ဖြစ်သည်။

"ပထမနှစ်မှာ မြတ်တယ်လို့ ပြောထားတယ်။ အခု ဒီနှစ်မှာရှုံးနေတယ်လို့ပြောတဲ့ YBS က နောက်ကွယ်မှာ ဘာတွေရှိမလဲ။ အဲဒါကို စောင့်ကြည့်ရမယ်" ဟု ရန်ကုန်တိုင်းလွှတ်တော်ကိုယ်စားလှယ်ဟောင်း ဒေါ်ညိုညိုသင်းက ပြောကြားသည်။

အလားတူ ဆုံးရှုံးသွားသည့် ဘဏ္ဍာငွေများအတွက် မည်သူက တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် လုပ်ဆောင်မည်ဆိုသည်မှာလည်း မေးခွန်းထုတ်ရမည့် အခြေအနေ ဖြစ်သည်။

**ကိုးကား- အောက်တိုဘာ ၈ ရက်နေ့ Weekly Eleven News, No. 50, Vol 13 ပါ ဇော်မင်းနိုင်၏ "စာရင်းစစ်အဖွဲ့ရဲ့ အစီရင်ခံစာနဲ့ မေးခွန်းထုတ်ရတော့မယ့် ရန်ကုန်အစိုးရအဖွဲ့ရဲ့ ပြည်သူ့ဘဏ္ဍာရှင်းတမ်း" သတင်းဆောင်းပါးမှ ကောက်နုတ်ဖော်ပြသည်။**

# နယ်လုံဝန်ကြီးနှစ်ဦးအပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၄၈ ဦး ပြောင်းလဲ

**အောက်တိုဘာ ၂၉၊ ၂၀၁၈**

နယ်လုံဝန်ကြီးနှစ်ဦးအပါအဝင် လွှတ်တော်အရပ်ရပ်ရှိ တပ်မတော်သားကိုယ်စားလှယ် ၄၈ ဦးကို အစားထိုးပြောင်းလဲ ကြောင်း ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်က ယမန်နေ့တွင် ထုတ်ပြန်ကြေညာသည်။

ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်၊ မွန်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးအပါအဝင် တပ်မတော်သားတိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃၀ ဦးကိုအစားထိုးပြောင်းလဲခဲ့သည်။

ဗိုလ်မှူးကြီးသူရမျိုးတင်အစား ဗိုလ်မှူးကြီးနေလင်းထွန်း၊ ဗိုလ်မှူးကြီးဝင်းနိုင်ဦးအစား ဗိုလ်မှူးကြီးနေထွဋ်ဦးတို့ဖြင့် အစားထိုး ပြောင်းလဲခြင်းဖြစ်သည်။

အလားတူ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးကို အစားထိုး ပြောင်းလဲခဲ့သည်။

ယင်းသို့ တပ်မတော်သား ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲမှုသည် အဆင့်မြင့်ရာထူးတိုးသွားခြင်း၊ မူလတာဝန်များ ပြန်လည်ထမ်းဆောင်ရန်ရှိခြင်းစသည်တို့ကြောင့်ဖြစ်ပြီး ပုံမှန်လဲလှယ်ခြင်းဖြစ်သည်ဟု လက်ရှိတပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက မှတ်ချက်ပြုသည်။

"တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ သဘောထားပါ။ လွှတ်တော်ကတော့ သူတို့စာရင်းပေးတဲ့အတိုင်းပဲ လက်ခံရတာလေ" ဟု ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာလှမိုးက ပြောသည်။

**(ကိုးကား-www.7daydaily.com)**



# ဘင်္ဂလားဒေ့ရှ်မှပြန်ဝင်လာမည့် အိုးအိမ်စွန့်ခွာထွက်ပြေးသူများကိစ္စ ကုလအထူးကိုယ်စားလှယ်နှင့် ရခိုင်လွှတ်တော်တာဝန်ရှိသူများ ဆွေးနွေး

**အောက်တိုဘာ ၁၇၊ ၂၀၁၈**

ဘင်္ဂလားဒေ့နိုင်ငံမှ ပြန်ဝင်လာမည့် အိုးအိမ်စွန့်ခွာထွက်ပြေးသူ ဘင်္ဂါလီလူမျိုးများနှင့်ပတ်သက်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Mr.Christine Schraner Burgener နှင့် ရခိုင်ပြည်နယ် လွှတ်တော်တာဝန်ရှိသူများ ဆွေးနွေးခဲ့သည်ဟု သိရသည်။

အောက်တိုဘာလ ၁၆ ရက်နေ့ ရခိုင်ပြည်နယ်လွှတ်တော်ရုံးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် ရခိုင်ပြည်နယ်လွှတ်တော်တာဝန်ရှိသူများ တွေ့ဆုံပွဲတွင် ထိုသို့ဆွေးနွေးခဲ့ခြင်းဖြစ်သည်ဟု ရခိုင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြသန်းက သို့ ပြောသည်။

''ကုလသမဂ္ဂအထူးကိုယ်စားလှယ်က ပြောတာကတော့ သူဒီကိုလာတာဟာ ဒီလူ့အဖွဲ့အစည်းနှစ်ခု အတူတကွနေထိုင်ဖို့ကိစ္စရယ်၊ နောက်ပြီးတော့မှ ဒီ IDP ဒုက္ခသည်စခန်းကို ဖျက်ပြီးတော့မှ သူတို့ကို ပြန်လည်နေရာချထားပေးဖို့ကိစ္စရယ်၊ နောက်ပြီးတော့ တစ်ဘက်နိုင်ငံက ဝင်လာမယ့် အဲ့ဒီဘင်္ဂါလီတွေကို ဝင်လာလို့ရှိရင် လွတ်လပ်စွာသွားလာဖို့ကိစ္စ၊ အဲ့ဒါတွေကို သူက အဓိကထားဆွေးနွေးခဲ့တာပါ''ဟု ၎င်းကပြောသည်။

ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ ပြန်ဝင်လာမည့် ဘင်္ဂါလီအရေးနှင့်ပတ်သက်ပြီး ပြန်လည် ဆွေးနွေးရာတွင် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှမှ အတူယှဉ်တွဲနေထိုင်ရေးမှာ ရေရှည်လုပ်ဆောင်သွားရမည့် အစီအစဉ်ဖြစ်သည့်အတွက် လောလောဆယ်မှာ မဖြစ်နိုင်သေးကြောင်းကို ပြန်လည်ဆွေးနွေးခဲ့ကြောင်းသိရသည်။

''ကျွန်တော်တို့ဘက်က လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ပြန်ပြီးရှင်းပြတာကတော့ ဒီလူ့အဖွဲ့အစည်းနှစ်ခု အတူတကွ ယှဉ်တွဲနေထိုင်ရဖို့ဆိုတာ ရေရှည်လုပ်သွားရမယ့် အစီအစဉ်ဖြစ်တယ်။ အခုလောလောဆယ်တော့ မဖြစ်နိုင်သေးဘူး။ အဲ့ဒီ IDP စခန်းတွေကို ဖျက်ပြီးတော့ သူတို့ကိုလည်း ပြန်ပြီးနေရာချထားရေး၊ လွတ်လွတ်လပ်လပ် သွားလာခွင့်ရရှိရေး ကိစ္စရပ်တွေဟာ လွယ်ကူတဲ့ကိစ္စရပ်တွေမဟုတ်ဘူးလို့ ပြောလိုက်ပါတယ်''ဟု ဦးမြသန်းက ပြောသည်။

''ဒါအပြင် ဘင်္ဂလားဒေ့ရှ်ဘက်က ဝင်လာသူတွေ နိုင်ငံသားဖြစ်ခွင့်ရရှိရေးကိစ္စမှာလည်း နိုင်ငံသားဖြစ်နိုင်တဲ့ လူတွေရှိသလို ညေ့်နိုင်ငံသားဖြစ်မယ့်သူတွေ ပါလာမယ်။ နောက်ပြီးတော့ ဘင်္ဂလားဒေ့ရှ်က သူတို့နဲ့ ရောယောင်ပြီးပါလာတဲ့သူတွေကို သီးသန့်စိစစ်ရမယ်။ အဲ့ဒီအထဲမှာ နိုင်ငံသားဖြစ်ခွင့်ရတဲ့သူတွေကို လွတ်လွတ်လပ်လပ်သွားနိုင်တယ်။ ဒါတွေပြန်ပြောပြပါတယ်''ဟု ဦးမြသန်းက ဆက်ပြောသည်။

**(ကိုးကား- www.narinjara.com)**